## မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်မှုမရှိစေရေး အသိပေးနှိုးဆော်ချက်

၁။ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည် ယာဉ်မတော်တဆ ထိခိုက်မှုကြောင့် ပြည်သူတို့၏ အသက်နှင့်လူမှုဘဝဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းကျဆင်းလာစေရေးအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အစီအမံများနှင့် လုပ်ငန်းစဉ်များအား ချမှတ်၍ အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ ယာဉ်မတော်တဆမှုကြောင့် ပျမ်းမျှတစ်နေ့လျှင် လူ(၈၀)ဝန်းကျင် ဒဏ်ရာရရှိပြီး (၁၀)ဦးနှင့်အထက် သေဆုံးမှုများဖြစ်ပွားလျက်ရှိရာ ယာဉ်မောင်းများ၏ အရှိန်ပြင်းမောင်းနှင်မှုသည် အဓိကအကြောင်းရင်းအဖြစ် ပါဝင်နေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၃။ အမြန်နှုန်းများနှင့်စပ်လျဉ်း၍ တည်ဆဲမော်တော်ယာဉ်ဥပဒေ၊ မော်တော်ယာဉ်နည်းဥပဒေ၊ အမြန်လမ်းမကြီးများဥပဒေများအရ အောက်ပါအတိုင်းသတ်မှတ်ထားပြီးဖြစ်ပါသည်-

(က) တည်ဆဲမော်တော်ယာဉ်ဥပဒေ ပုဒ်မ ၄၉ ၊ ပုဒ်မခွဲ (က) တွင် **"မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းအောက် လျော့၍ မောင်းနှင်ခြင်းမပြုလုပ်ရ"** ဟူ၍ ပြဋ္ဌာန်းထားပါသည်။

(ခ) တည်ဆဲ၁၉၈၉ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများ၏ နည်းဥပဒေ ၁၄၃ တွင် အမြန်နှုန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းထားပါသည်-

၁၄၃။ (က) လမ်းအခြေအနေကောင်းလျှင် သာမန်အားဖြင့် မြို့၏ နယ်နိမိတ်အတွင်း၌ မော်တော်ယာဉ်မောင်းနှင်မှု အမြန်နှုန်းကို တစ်နာရီလျှင် ၄၈ ကီလိုမီတာ **(၃၀မိုင်)** ထက် ပို၍လည်းကောင်း၊ မြို့၏နယ်နိမိတ်ပြင်ပ၌ မြို့နယ်တစ်ခုနှင့် တစ်ခုကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ၈၀ ကီလိုမီတာ **(၅၀ မိုင်)** ထက် ပို၍လည်းကောင်း မမောင်းရ။

(ခ) နောက်တွဲပါသောယာဉ် သို့မဟုတ် မီးလောင်ပေါက်ကွဲတတ်သော ပစ္စည်းများတင်ဆောင်သော ယာဉ်အတွက် အမြန်နှုန်းကို မြို့၏နယ်နိမိတ်အတွင်း၌ တစ်နာရီလျှင် ၃၂ ကီလိုမီတာ **(၂၀ မိုင်)** ထက် ပို၍လည်းကောင်း၊ မြို့၏နယ်နိမိတ်ပြင်ပ၌ မြို့နယ်တစ်ခုနှင့်တစ်ခုကို ဆက်သွယ်ထားသည့် လမ်းမကြီးပေါ်တွင် တစ်နာရီလျှင် ၅၆ ကီလိုမီတာ **(၃၅မိုင်)** ထက် ပို၍လည်းကောင်း မမောင်းရ။

(ဂ) ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းထားသော တိုင်းဒေသကြီး/ပြည်နယ်အဆင့်ရှိ အဖွဲ့သည် လမ်းအခြေအနေအရ အမြန်နှုန်းများကို နည်းဥပဒေခွဲ(က)နှင့်(ခ)ပါ ပြဋ္ဌာန်းချက်များအတွင်း လိုအပ်သလို သတ်မှတ်နိုင်သည်။

(ဃ) မြို့၏နယ်နိမိတ်အတွင်း၌ နှစ်လမ်းမောင်းလမ်း၏ တစ်ဖက်တစ်ချက်တွင် ယာဉ်ကြော သုံးခုစီရှိပါက လက်ဝဲစွန်းယာဉ်ကြောတွင် တစ်နာရီလျှင် ၆၄ ကီလိုမီတာ (**၄၀ မိုင်**) အထိ မောင်းနှင်ခွင့်ပြုသည်။

(င) ယာဉ်မောင်းသူသည် သတ်မှတ်ထားသည့် အမြန်နှုန်းထက် ပို၍ မိမိယာဉ်ကို မမောင်းနှင်ရ။

(ဂ) ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တစ်လျှောက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မောင်းနှင်ရမည့် အမြန်နှုန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြန်လမ်းမကြီးများ ဥပဒေနှင့်အညီ အောက်ပါအတိုင်း သတ်မှတ်ထားပြီးဖြစ်ပါသည်-

(၁) Telematic စနစ် တပ်ဆင်ထားသော ခရီးသည်တင်ယာဉ်များသည်တစ်နာရီလျှင်(၉၀) ကီလိုမီတာထက် ပိုမမောင်းရ။

(၂) အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားသော ကုန်တင်ယာဉ်ဝန်ပေါ့ (ပစ်ကပ်၊ Single Cab၊ လိုက်ထရပ်၊ တင်ဆောင်နိုင်အား (၃) တန်နှင့် (၃)တန်အောက် ဗင်န်နှင့် ထရပ်) မော်တော်ယာဉ်များသည် တစ်နာရီလျှင် (၆၀) ကီလိုမီတာ ထက်ပိုမမောင်းရ။

(၃) အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းမောင်းနှင်ခွင့်ပြုထားသော ကုန်တင်ယာဉ်ဝန်လေး (တင်အား (၃)တန်နှင့်အထက် ဗင်န်နှင့် ထရပ်) မော်တော်ယာဉ်များသည်တစ်နာရီလျှင် (၆၀) ကီလိုမီတာထက် ပိုမမောင်းရ။

(၄) လူစီးယာဉ်များ (ဆလွန်း၊ စတေရှင်ဝက်ဂွန်၊ Double Cab) သည် တစ်နာရီလျှင် (၁၀၀) ကီလိုမီတာ ထက်ပိုမမောင်းရ။

(ဃ) ထို့ပြင် ဌာနဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအရ ဒေသအလိုက် အထူးသတ်မှတ်ထားသော အမြန်နှုန်းများကိုလည်း လိုက်နာရပါမည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝှမ်းလုံးရှိ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် မိမိတို့၏ မော်တော်ယာဉ်များအား အထက်အပိုဒ်(၃)ပါ သတ်မှတ်ထားသည့် အမြန်နှုန်းများအတိုင်း အထူးသတိပြုလိုက်နာမောင်းနှင်ကြရန်ဖြစ်ပါသည်။ နေရာဒေသနှင့် လမ်းအလိုက် သတ်မှတ်ထားသည့် အမြန်နှုန်းထက်လျှော့၍ မောင်းနှင်ခြင်းဖြင့် မိမိအပါအဝင် မိမိယာဉ်ပေါ်၌ လိုက်ပါစီးနင်းကြသူအားလုံး၏ ဘေးကင်းလုံခြုံမှုကို ဦးစားပေးကြရန် တိုက်တွန်းအပ်ပါသည်။

၅။ သတ်မှတ်အမြန်နှုန်းများထက်ပို၍ မောင်းနှင်မှုမရှိစေရေးအား **(၉.၆.၂၀၁၇)** ရက်နေ့မှ **(၃၁.၇.၂၀၁၇)** ရက်နေ့အထိ ပညာပေးကာလအဖြစ် သတ်မှတ်၍ အသိပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး **(၁.၈.၂၀၁၇)**ရက်နေ့မှစတင်၍ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များအား တည်ဆဲမော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီ**